ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာ
အမှတ်၊ ၄၈၁/၂၀၂၁

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

# ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစားများနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်အား ထပ်မံဖြည့်စွက်ခြင်း

၁။ ယခုအခါ လတ်တလောကမ္ဘာ့နိုင်ငံအဝန်းတွင် ဖြစ်ပေါ်လျက်ရှိသည့် Coronavirus Disease 2019 ( Covid-19) ကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးကုန်ကြမ်းများသည် ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ၏ဇယားတွင်ပါရှိသည့် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်စည်အမျိုးအစား၏ ကျန်းမာရေး ဆိုင်ရာကုန်စည်များ အောက်ရှိ ဇယားအမှတ်စဉ် (၂၃) ကုန်စည်များတွင် အပါအဝင်ဖြစ်ကြောင်းရှင်း လင်းစွာသိရှိနိုင်စေရန် ဤအဓိပ္ပာယ်ရှင်းလင်းချက်ကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

၂။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထိုဥပဒေ၏ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ဇယား၏ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်စည်အမျိုးအစားများအနက် ကုန်စည် (၁၀)မျိုးအား အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုခြင်းနှင့်စပ်လျဉ်းသည့် ၃၀-၁၂-၂၀၂၀ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၄၆ /၂၀၂၀ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၃၀-၁၂-၂၀၂၀ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်၊ ၁၄၆/၂၀၂၀ ၏ စာပိုဒ် ၈ ဇယားပါ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သော ဆေးဝါးကုန်ကြမ်းများစာရင်းတွင် အမှတ်စဉ် ၁၁ ကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်လိုက်သည် -

| စဉ် | အမှတ်စဉ် | ကုန်စည်အမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၁၁ | ၂၃ | အိမ်သုံးဆေးဝါး၊ အခြားလူသုံးဆေးဝါးများ၊ ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ် ရရှိပြီး ဆေးဝါးများ၊ ဆေးဝါးကုန်ကြမ်းများ | FDA လက်မှတ်ရရှိပြီးဖြစ်သော Covid-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါး ကုန်ကြမ်းများ(ပူးတွဲဇယားပါဆေးဝါး ကုန်ကြမ်းများလည်း အပါအဝင်ဖြစ်ပါသည်။ ) |

၄။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ ဘဏ္ဍာ-၁/၃/၁ (၄၂၅၁၅ /၂၀၂၁)
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
အိမ်စောင့်အစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ဗဟိုစာရင်းအင်းအဖွဲ့

| | | |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | } | မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁) တွင်ထ<br>သွင်းကြေငြာပေးနိုင်ပါရန်။ |

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်အဖွဲ့အစည်းများအားလုံး
ဤဝန်ကြီးရုံး၊ ဌာနခွဲအားလုံး
ရုံးလက်ခံ

အမိန့်အရ

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်သော COVID -19 တားဆီးကာကွယ်ကုသရာတွင်
အသုံးပြုသည့် ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းစာရင်း

| Sr. No | Generic Drug |
|---|---|
| 1. | Anti- Infective- Amoxicillin, Co- Amoxiclav, Cefotaxime, Ceftazidime, Cephalexin, Cefixime, Ceftriaxone, Cefuroxime, Gentamicin, Amikacin, Azithromycin, Linezolid, Levofloxacin, Moxifloxacin, Sulbactam, Favipiravir, Remdesivir. |
| 2. | Corticosteroid- dexamethasone, prednisolone, hydrocortisone |
| 3. | Antihistamine – Chlorpheniramine, Cetirizine, Loratidine, Levocetirizine, Fexofenadine |
| 4. | Mucolytics- Bromhexine, Ambroxol, Acetyl cysteine, Carbocisteine |
| 5. | Anti- emetic- Domperidone, Metoclopramide |
| 6. | Cough suppressant- Dextromethorphan |
| 7. | Analgesic and Antipyretic-Paracetamol, Ibuprofen, Diclofenac |
| 8. | Zinc |
| 9. | Vitamin A, B Group, C, D, E, K |